mgyoe.com SAMPLE BOOK

မြောက်ဦးမြို့ မင်းဖလောင်းကြီးလက်ထက်
ဧည့ဝတီအမတ်ကြီးမဟာပညာကျော်
တင်လျှောက်ချက်များကို
ရာဇဝင်တို့မှ
ရာဇဂုရုဘွဲ့တံဆိပ်တော်ရ ကဝိသာရမထေရ်
ထုတ်နုတ်ပြုစုသည်။

## ဧည့ဝတီ မင်းတိုင်ပင်အမတ်ကြီး

# မဟာပညာကျော်လျှောက်ထုံး

လျှောက်ထုံးပေါင်း ၄၁ ခု ပါဝင်သည်။

mgyoe SAMPLE BOOK



ပန်းရွှေပြည် စာအုပ်တိုက်

ဝ၉၅၁၈၁၇၁၅

ဝ၉၅၁၄၅၇၂၈

ဝ၉၇၉၃၇၉ဝ၉၅၈



●
တန်ဖိုး
၃၀၀၀ ကျပ်
●
အုပ်ရေ
၅၀၀ အုပ်
●
အကြိမ်
စတုတ္ထအကြိမ်
●
ထုတ်ဝေသည့်အချိန်
၂၀၂၃ ခုနှစ် ဖေဖော်ဝါရီလ
●
ထုတ်ဝေသူ
ဦးသိမ်းမင်း (၀၄၂၉၁)
ပန်းရွှေပြည်စာအုပ်တိုက်
၃၃၄၊ ၈ လမ်း၊ ၁၁ ရပ်ကွက်၊
တောင်ဥက္ကလာပမြို့နယ်၊ ရန်ကုန်မြို့။
●
ပုံနှိပ်သူ
ဦးဇေယျာဦး (၀၁၅၇၈)
mgyaw.com SAMPLE BOOK

mgyaw.com SAMPLE BOOK

မြောက်ဦးမြို့ မင်းဖလောင်းကြီးလက်ထက်
ဓညဝတီအမတ်ကြီးမဟာပညာကျော်
တင်လျှောက်ချက်များကို
ရာဇဝင်တို့မှ
ရာဇဂုရုတံဆိပ်ဘွဲ့တံဆိပ်တော်ရ ကဝိသာရမထေရ်
ထုတ်နုတ်ပြုစုသည်။

ဓညဝတီ မင်းတိုင်ပင်အမတ်ကြီး

# မဟာပညာကျော်လျှောက်ထုံး

လျှောက်ထုံးပေါင်း ၄၀ ခု ပါဝင်သည်။

ဒို့တာဝန် အရေးသုံးပါး

ပြည်ထောင်စု မပြိုကွဲရေး — ဒို့အရေး
တိုင်းရင်းသား စည်းလုံးညီညွတ်မှု မပြိုကွဲရေး — ဒို့အရေး
အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး — ဒို့အရေး

SAMPLE BOOK

ပြည်သူ့သဘောထား

✡ ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
✡ နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော် တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
✡ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
✡ ပြည်တွင်းပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

နိုင်ငံရေး ဦးတည်ချက် (၄) ရပ်

✡ နိုင်ငံတော် တည်ငြိမ်ရေး ရပ်ရွာ အေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး။
✡ အမျိုးသားစည်းလုံးညီညွတ်မှုခိုင်မာရေး။
✡ စည်းကမ်းပြည့်ဝသော ဒီမိုကရေစီစနစ် ရှင်သန်ခိုင်မာအောင် တည်ဆောက်ရေး။
✡ ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တည်ဆောက်ရေး။

စီးပွားရေးဦးတည်ချက် (၄) ရပ်

✡ စိုက်ပျိုးရေးကို ပိုမိုဖွံ့ဖြိုးတိုးတက်အောင်ဆောင်ရွက်ပြီး ခေတ်မီစက်မှုနိုင်ငံထူထောင်ရေးနှင့် အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။
✡ ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး။
✡ ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။

၊

mgyoe.com SAMPLE BOOK

## မာတိကာ


* မဟာပညာကျော်လျှောက်ထုံးကိုလေ့လာခြင်း ဦးအေးချို-မဟာဝိဇ္ဇာ ၉

* ပဋိညာဉ် ၂၃

၁- မြို့သစ် ပြောင်းသင့်,မသင့် လျှောက်ထုံး ၂၅

၂- တပင်ရွှေထီး ချီလာရာတွင် လျှောက်ထုံး ၂၈

၃- ရခိုင်ဘုရင် မင်းဖလောင်းထံမှ
တောင်ငူဘုရင် (ဘုရင့်နောင်) ကျော်ထင်နော်ရထာထံသို့ ပို့ရန်
သဝဏ်လွှာစီကုံးခြင်း ၃၄

၄- ဥသလင်စားအရေးတွင် မင်းကို ညွှန်ပြသော လျှောက်ထုံး ၃၉

၅- မရှူစား ငစနေအား အပြစ်မှလွတ်စေသော လျှောက်ထုံး ၄၇

၆- သူမိုက်တို့စကားကို မယုံအပ်ကြောင်း လျှောက်ထုံး ၄၉

၇- အကျင့်ပျက်သော မိဖုရားရှင်နှောင်းအရေးတွင်
ကယ်မသော လျှောက်ထုံး ၅၂

mg.y.o e-SAMPLE BOOK


၁၃– မင်း၏ပတ္တမြားလက်စွပ် ၃ ကြိမ်တိုင် ပြန်ရောက်သည်တွင်
မှုခင်းစီရင်တင်လျှောက်သော လျှောက်ထုံး ၇၁

၁၄– ရဟန်းတစ်ပါး၏ ရွှေ,ငွေအမွေမှု ဖြတ်ထုံး ၇၆

၁၅– ငွေအိုးတွေ့ရာ အဝေမညီမှု ဖြတ်ထုံး ၇၈

၁၆– သီဟိုဠ်မင်းက ပဟေဠိသဝဏ်ပို့ရာ၌
ဖြေကြားသည့် လျှောက်ထုံး ၇၉

၁၇– သီဟိုဠ်ကျွန်းသူဌေး၏ အဘိုးလက်ထက်က
မြီပဟောင်းမှု ဖြတ်ထုံး ၈၁

၁၈– သူဌေးတစ်ဦး မြေမြှုပ်အသပြာ ခိုးခံရမှုကို
ဖော်ထုတ်စီရင်သော ဖြတ်ထုံး ၈၄

၉– သံတွဲမြို့ မည်သူစားစေသင့်ကြောင်း လျှောက်ထုံး ၈၆

၀– သားတော် သံတောင်စားငစုံ
အပြစ်ကျူးလွန်ရာတွင် လျှောက်ထုံး ၈၈

၂၁– ရုံပြည် ပသီကုလားမင်းအား မင်းကြီး၏ဘုန်းတော်ကို
သိစေသော အစီအရင်လျှောက်ထုံး ၉၃

၂၂– ယိုးကျွန်းမှရှင်ယော်င် စေတီဖျက်မှုတွင် လျှောက်ထုံး ၉၇

၂၃– ကုလားမျာလိက မီးချောင်းမြို့စားအရာ

SAMPLE BOOK

၃၀- စစ်ချီရာတိတ်နိမိတ်အကြောင်း လျှောက်ထုံး ၁၁၄
၃၁- ဒီလီမြို့ကို တိုက်ယူသင့်,မသင့် လျှောက်ထုံး ၁၃၁
၃၂- ဆင်ကဲကြီးသေလွန်ရာတွင် လျှောက်ထုံး ၁၃၄
၃၃- ဗလရဲကျော်နှင့် တုရင်မဏိသူတို့
နိုဝင်သည့်အရေးတွင် လျှောက်ထုံး ၁၃၇
၃၄- မင်းနှင့်စပ်သော အဆောင်အရွက်နှင့်ပတ်သက်၍
လျှောက်ထုံး ၁၄၁
၃၅- အတွင်းသင်းမှူး ချစ်သူကို သားတော်ထွေး၏
အကြီးတော် ခန့်သင့်,မသင့် လျှောက်ထုံး ၁၄၄
၃၆- သေသောအခါ ငရဲသို့ရောက်အပ်သူကို လျှောက်ထုံး ၁၄၇
၃၇- မင်းတို့ကျင့်အပ်ရာကို ညွှန်ပြသော လျှောက်ထုံး ၁၄၉
၃၈- ပဲခူးမင်းတမန် စကားတောင်စားအရေး၌ လျှောက်ထုံး ၁၅၅
၃၉- ရခိုင်ပြည်၌ တရားမစောင့်သောမင်းများ အကြောင်း
လျှောက်ထုံး ၁၆၂
၄၀- ပြည့်အင်္ဂါ, မင်းအင်္ဂါ, မှူးမတ်အင်္ဂါ
စသည်များကို လျှောက်ထုံး ၁၆၄
၄၁- မင်းရာဇာလက်ထက် တောင်ငူကို
[illegible]

mgyo.com SAMPLE BOOK

- မောင်စိန်တင်(သီပွံမောင်ဝ)
- ဒေါက်တာထွန်းတင့်
- စောလူ
- မောင်ခင်မင် (ဓနုဖြူ) တို့၏ နိဒါန်းစာများ ပါသည်။

- ပါဠိ၊ သက္ကတစကားလုံးများကို အတတ်နိုင်ဆုံး ပယ်ပြီး စုဆောင်းထားသည့် ဝေါဟာရစကားလုံးပေါင်း ၆၀၀၀ ကျော်ပါသည့် အဘိဓာန်။

မြန်မာပေါရာဏကထာအဘိဓာန်

m.g y SAMPLE BOOK

# မဟာပညာကျော်လျှောက်ထုံးကို လေ့လာခြင်း

ဦးအေးချို-မဟာဝိဇ္ဇာ

မြန်မာစာပေတွင် 'လျှောက်ထုံး'ဟု အမည်တပ်ထားသော စာပေတစ်ရပ်ရှိသည်။ နိုင်ငံအုပ်ချုပ်သော မင်းတို့သည် မိမိတို့ မေးမြန်းလိုသောကိစ္စရပ်များ၊ တိုင်ပင်သင့်သည့် ကိစ္စရပ်များကို အနီးနေ ပညာရှိမှူးမတ်ကြီးများအား မေးမြန်းတိုင်ပင်လေ့ ရှိသည်။ ပညာရှိ မှူးမတ်ကြီးများ၏ ဖြေကြား လျှောက်ထားချက်များကို စုပေါင်းပြုစုထားသည့် စာပေကို 'လျှောက်ထုံး'စာပေဟု ခေါ်တတ်ကြသည်။

မြန်မာစာပေတွင် 'လျှောက်ထုံး'ဟု အမည်တပ် ပြုစုထားသော ကျမ်း များများစားစား မရှိလှပေ။ ယနေ့ တွေ့ရသမျှသော လျှောက်ထုံးများမှာ-

- ကိုင်းစားမနုရာဇာ လျှောက်ထုံး၊
- လက်ဝဲနော်ရထာ လျှောက်ထုံး၊
- ဝန်ဇင်းမင်းရာဇာ လျှောက်ထုံး၊
- မဟာပညာကျော် လျှောက်ထုံး၊
- အမတ်ကြီးဦးပေါ်ဦး လျှောက်ထုံး စသည်တို့သာ ဖြစ်သည်။

အမတ်ကြီးက မေးမြန်း၍ မဂ္ဂါရလောပ တောင်တွင်းဆရာတော် ခင်ကြီးဖျော်က ဖြေဆိုထားသော လျှောက်ထုံး ဖြစ်သည်။

ကျန်လျှောက်ထုံးများမှာ မင်းက မေး၍ ပညာရှိအမတ်ကြီး များက ဖြေဆိုသော လျှောက်ထုံးများ ဖြစ်သည်။

ပိဋကတ်တော်သမိုင်းတွင် 'ဓိဝကလျှောက်ထုံး၊ ကလန်ကျော် လျှောက်ထုံး၊ ပါဒဆရာလျှောက်ထုံး၊ ငွေးဆောင်လျှောက်ထုံး' ဟူသော ကျမ်း ၄ ကျမ်း တွေ့ရသည်။ ထိုကျမ်းများမှာ ဆေးကျမ်းများသာ ဖြစ်သည့်အတွက်၊ 'လျှောက်ထုံး' အမည်ထက် 'ကုထုံး' အမည်သာ တွင်ကျယ်နေသည်။ 'ဓိဝကကုထုံး၊ ငွေး(ခွေး)ဆောင်ကုထုံးကျမ်းများ' ဟု ထင်ရှားသည်။

ကလန်ကျော်လျှောက်ထုံးနှင့် ပါဒဆရာ လျှောက်ထုံးကျမ်း များမှာ ပုံနှိပ်မှုဖြင့် ထွက်ရှိခြင်း ရှိ၊မရှိ သတိ မပြုမိပေ။ ထို့ကြောင့် ထိုကျမ်းများကို 'လျှောက်ထုံး' ဟုဆိုသော်လည်း လျှောက်ထုံးစာပေ သဘော မသက်ဝင်ကြောင်းသာ မှတ်ချက်ပြုရပေမည်။

ဝန်ဖင်းမင်းရာဇာ လျှောက်ထုံး၊ မဟာပညာကျော် လျှောက်ထုံး နှင့် အမတ်ကြီးဦးပေါ်ဦးလျှောက်ထုံး တို့မှာ ဘုရင်မေးသမျှ ဖြေဆို လျှောက်ထားသည့် အမတ်ကြီးတို့ကိုယ်တိုင် ရေးသားထားသော ကျမ်း

SAMPLE BOOK

ဦးပုည၏ 'ဆဒ္ဒန်ဆင်မင်းဝတ္ထု၊ ယုန်မင်းဝတ္ထု၊ သိဝရာဇ်မင်းကြီးဝတ္ထု' တို့နှင့် ပူးတွဲပုံနှိပ်ထားခြင်း ဖြစ်သည်။ ထိုစာများအားလုံး စုပေါင်းပုံနှိပ်ထားသည်မှာ စာမျက်နှာ ၁၅၁ မျက်နှာသာ ရှိသောကြောင့် မဟာပညာကျော် လျှောက်ထုံးမှာ စာမျက်နှာ အနည်းငယ်မျှသာ ဖြစ်နိုင်ချေရှိသည်။ 'မဟာပညာကျော်လျှောက်ထုံး' ဟု မသုံးဘဲ၊ 'မဟာပညာကျော်ဖြတ်ထုံး' ဟု သုံးထားသည်ကို တွေ့ရသည်။

ထိုကျမ်းများကို ခရစ်နှစ် ၁၈၇၉ ခုနှစ်တွင် ရန်ကုန် အမေရိကန်သာသနာပြုပုံနှိပ်တိုက်က ထပ်မံရိုက်နှိပ်သည့်အခါ စာမျက်နှာ ၁၄၄ မျက်နှာ ဖြစ်သွားသည်။

ထိုစာအုပ်ကိုပင် ခရစ်နှစ် ၁၈၉၇ ခုနှစ်တွင် ရန်ကုန်မြို့ ဟံသာဝတီသတင်းစာတိုက်က ထပ်မံ ပုံနှိပ်ပြန်သည်။ 'မဟာပညာကျော်ဖြတ်ထုံး' ဟုသာ ဆက်လက်သုံးစွဲထားသည်။

ဟံသာဝတီပုံနှိပ်တိုက်က ထုတ်ဝေခဲ့သော 'မံဟာပညာကျော်ဖြတ်ထုံး'တွင် အောက်ပါအတိုင်း ပါရှိနေသည်။

'အင်္ဂလိပ်ဘာသာဖြင့်၊ 'အာရကံတိုင်း' ဟု ခေါ်ဆိုသော ရက္ခပူရတိုင်း၊ ရခိုင်ပြည်ကြီးကို အစိုးရတော်မူသော ဘုရင်မင်းမြတ်သည်၊ တရံရောအခါ၊ မဟာမုနိဘုရားသို့၊ လှေတော်နှင့် ထွက်တော်မူသည်တွင် ဆင်ယဉ်တော်မူသော ပတ္တမြားလက်စွပ်

ဆိုသည့် ဝါကျသည် ဗြိတိသျှလက်အောက်ကာလတွင် ပုံနှိပ်သောစာအုပ် ဖြစ်၍ ပုံနှိပ်တိုက်များက ဖြည့်စွက်သောဝါကျသာ ဖြစ်သည်။ မဟာပညာကျော်လျှောက်ထုံး မူရင်းကျမ်းတွင် မပါရှိချေ။

မဟာပညာကျော်လျှောက်ထုံးကို မြန်မာနိုင်ငံ သုတေသနအသင်းက တည်းဖြတ် ပုံနှိပ်ဖူးသည်။ မြန်မာဘာသာဖြင့် ပုံနှိပ်ထားသော ကျောင်းသုံးစာအုပ်များ ရှားပါးနေချိန်က ဆရာကြီး ဦးဖေမောင်တင်၏ ကြိုးကြပ်မှုဖြင့် မြန်မာနိုင်ငံသုတေသနအသင်းက ပုံနှိပ်ခဲ့ခြင်း ဖြစ်သည်။ ယင်းစာအုပ်များကို မြန်မာနိုင်ငံ သုတေသနအသင်းက 'စာစဉ်ဟောင်း' ဟု သတ်မှတ် သုံးနှုန်းထားသည်။

မဟာပညာကျော်လျှောက်ထုံးကို ဟံသာဝတီပုံနှိပ်တိုက်က ရိုက်နှိပ်ခြင်း ဖြစ်သည်။ ၁၉၆၈ ခုနှစ်တွင် ရန်ကုန်မြို့ ဟံသာဝတီပုံနှိပ်တိုက်က မဟာပညာကျော်လျှောက်ထုံးကို ထပ်မံပုံနှိပ် ထုတ်ဝေထားသည်။

မဟာပညာကျော်လျှောက်ထုံးသည် ဓညဝတီအရေးတော်ပုံမှ ကောက်နုတ်ရေးသားထားသော လျှောက်ထုံးများ ဖြစ်သည်။ ဓညဝတီအရေးတော်ပုံကျမ်းနိဂုံးတွင် ကျမ်းပြုစုသူက ဤသို့မှတ်တမ်းတင်ထားသည်။

'ရာဇဝင်ကြီးသော်ကား မရှမာအမတ်မျိုး စာဖတ်

မမှန် ရှိသည်များကိုလည်း မှန်အောင်ဖြောင့်မတ်လျက် မူဟောင်းက ကောက်နုတ်ရေးသားတော်မူခဲ့သော 'ရက္ခပူရတိုင်း ဓညဝတီ' အမည်ရှိသော မြောက်ဦးမြို့ ပြည်ကြီးမင်းဆက်တို့၏ အရေးတော်ပုံကို...'

ဤနိဂုံးအရ ဓညဝတီအရေးတော်ပုံကျမ်း ပြုစုသူမှာ ဆရာတော် 'ကဝိသာရာဘိသီရိပဝရ အဂ္ဂမဟာဓမ္မရာဇာဓိရာဇဂုရု' ဖြစ်ကြောင်း သိရသည်။

မဟာပညာကျော်လျှောက်ထုံး နိဂုံးတွင်မူ 'ဆရာတော် ကဝိသာရ' ဟု သာမန်သာ ဆိုသည်။

ထိုကြောင့် ဟံသာဝတီတိုက်က ၁၉၆၈ ခုနှစ်တွင် ထုတ်ဝေသော မဟာပညာကျော်လျှောက်ထုံး၌ ပြုစုသူကို 'ရာဇဂုရုတံဆိပ်တော်ရ ကဝိသာရမထေရ်' ဟုဖော်ပြထားခြင်း ဖြစ်သည်။ မဟာပညာကျော်လျှောက်ထုံး စာကိုယ်တွင် ပြုစုသူအမည် မပါပေ။ ထိုသို့ ပြုစုသူအမည် မပါသောကြောင့် ပိဋကတ်တော်သမိုင်း၌ မှတ်တမ်းတင်သည့်အခါ 'ပြုစုသူ အမည်မသိ' ဟု ဖော်ပြထားခြင်း ဖြစ်နိုင်သည်။ သို့မဟုတ် ပိဋကတ်တော်သမိုင်း စာရင်းတင်စဉ်က တွေ့ရှိရသော မဟာပညာကျော်လျှောက်ထုံးပေမူသည် နိဂုံးမပါခြင်းလည်း ဖြစ်နိုင်သည်။

ဓညဝတီအရေးတော်ပုံသည် ရခိုင်ပြည် 'ဓညဝတီ' အမည်ရှိသော

ဧည့၀တီအရေးတော်ပုံကျမ်းမှ မဟာပညာကျော်လျှောက်ထုံး ကောက်နုတ်ထားသည့်အပိုင်းမှာ ဧည့၀တီအရေးတော်ပုံ အပိုဒ် ၂၅ မှ အပိုဒ် ၆၅ အထိ ဖြစ်သည်။ အပိုဒ် ၂၅ တွင်

'သကျသာကီဝင်မင်းအနွယ် ထီးရိုးနန်းရိုး မင်းစဉ်မှန်တော်မူသော မင်းဗားကြီးသားတော် ငယ်မည်'ချစ်နှောင်း'။ မင်းဖလောင်းကြီးလက်ထက်တော်၌ အကြောင်းသော်ကား။'

အစချီ အပိုဒ်မှ စသည်။

ထိုအပိုဒ်မှာ တောင်ငူမင်းတရားရွှေထီးက 'ကျော်ထင်နော်ရထာ' ဟူသော အမတ်ကို တပ်ဦးထား၍ သက္ကရာဇ် ၉၀၅ ခုတွင် ဧည့၀တီသို့ ချီလာသည်ကို စနည်းနာစေ၏။ ရရှိလာသော စနည်း ၃ ရပ်ကို အမတ် စစ်တံကောင်းစား မဟာပညာကျော် လျှောက်သည့် လျှောက်ထုံး ဖြစ်သည်။

အပိုဒ် ၆၅ မှာ မင်းဖလောင်းကြီးသားတော် မင်းရာဇာကြီး လက်ထက် သက္ကရာဇ် ၉၆၃ ခုနှစ်တွင် မင်းရာဇာကြီးက ဘိုးတော် မင်းဗားကြီးသား ငအံ့ါကို သဘော်ဆိပ်နှင့်တကွ သံလျင်မြို့ပါ ကျေးစားပေး၍ အစောင့်အနေထားကာ နေပြည်တော်ပြန်ခန်း ဖြစ်သည်။ ထိုအပြန်ခရီးတွင် လမ်းခရီး၌ မဟာပညာကျော် သေလွန်လေသည်။ ထို့ကြောင့် မဟာပညာကျော်အမတ် စတင်ပါဝင်လာသည်မှ ကွယ်လွန်သည်အထိ အခန်းများကို ကောက်နုတ်ဖော်ပြထားခြင်း ဖြစ်သည်။

- 'သက္ကရာဇ်အားဖြင့် (သဟဿ) ၁၁၄၉ ခု၊ (မာဃ) မိန်ရာသီလဆန်း ၅ ရက်တွင် ဤစာကို နုတ်ကောက်၍ အက္ခရာ ပေဒ္ဒတင်၍ ပြီးသည်။' ဆိုသော ကျမ်းပြီးသက္ကရာဇ် ဖော်ပြချက်ကို အခြေခံ၍ ဤသို့သုံးသပ်ထားသည်။

'မဟာပညာကျော်လျှောက်ထုံးတွင် ကျမ်းပြီးနိဂုံးမှာ ဓညဝတီအရေးတော်ပုံနိဂုံးပါ ကျမ်းပြုဆရာတော်နှင့် ကျမ်းပြီးနိဂုံးသက္ကရာဇ်ကိုပင် ဖော်ပြထားသဖြင့် ဓညဝတီအရေးတော်ပုံမှထုတ်နုတ်ချက်ပင်ဖြစ်ကြောင်း သိသာထင်ရှားလေသည်။ သို့ရာတွင် လျှောက်ထုံး ကျမ်းပြုပုဂ္ဂိုလ်နှင့် ပတ်သက်၍ ပြဿနာတစ်ရပ် ကျန်ရှိနေပေသေးသည်။ ၄င်းမှာ မဟာပညာကျော်လျှောက်ထုံးစာစု သီးခြားကို ဓညဝတီအရေးတော်ပုံကျမ်းပြုဆရာတော်ပင် သီးခြား တစ်စောင်တစ်ဖွဲ့ ထုတ်နုတ်ခဲ့ခြား ပြုစုထားခဲ့လေသလော။ သို့တည်းမဟုတ် အခြားပုဂ္ဂိုလ် တစ်စုံတစ်ဦးကပင် ထုတ်နုတ်၍ တစ်ကျမ်းတစ်စောင်အဖြစ် သီးခြား ပြုစုခဲ့လေသလော-ဟု စဉ်းစားဖွယ်ရှိနေခြင်းပင် ဖြစ်သည်။

ဤသို့ စဉ်းစားခွင့်ပေါ်ခြင်းမှာ မဟာပညာကျော်လျှောက်ထုံးသည် ဓညဝတီအရေးတော်ပုံပါ မဟာပညာကျော်နှင့်ဆိုင်ရာ အခန်းကဏ္ဍများကိုသာ ကွက်ထုတ်၍ ထားသည်မဟုတ်ဘဲ၊ အရေးအသားပြုပြင်မှု အနည်းအပါးပါရှိခြင်းကြောင့်

> စစ်သူကြီး ကျော်ထင်နော်ရထာချီလာရာတွင် မဟာပညာကျော် လျှောက်ထုံး၊ မင်းတရားရွှေထီးထံ မဟာပညာကျော်ကို ထည့်လိုက်ရာတွင် မဟာပညာကျော် လျှောက်ထုံး၊ ဖလောင်း သားတော် မင်းရာဇာ လက်ထက်တွင် လျှောက်ထုံးတို့ကို 'မဟာ ပညာကျော် လျှောက်ထုံး' စာစုတွင် ထည့်သွင်းဖော်ပြထားခြင်း မပြုပေ။'

ဟံသာဝတီပုံနှိပ်တိုက်က တည်းဖြတ်ပုံနှိပ်ထားသောမူတွင် 'ထိုစာစုများအားလုံးကို ဖြည့်သွင်းထားသည်။' ဟုလည်း ဖော်ပြထား သည်။ ဟံသာဝတီပုံနှိပ်တိုက်က ဖြည့်သွင်းထားသည်တို့မှာ 'တပင် ရွှေထီးချီလာရာတွင် လျှောက်ထုံး'ဖြစ်သည်။

မဟာပညာကျော်လျှောက်ထုံးတွင်ပါသည့် 'ရခိုင်ဘုရင် မင်း ဖလောင်းထံမှ တောင်ငူဘုရင် (ဘုရင့်နောင်) ကျော်ထင်နော်ရထာထံသို့ ပို့ရန် သဝဏ်လွှာစီကုံးခြင်း' နှင့် 'စစ်ချီရာတိတ်နိမိတ်အကြောင်း လျှောက်ထုံး' တို့မှာ ဓညဝတီအရေးတော်ပုံတွင် မတွေ့ရပေ။

ဟံသာဝတီပုံနှိပ်တိုက်က 'မဟာပညာကျော်လျှောက်ထုံး' တည်း ဖြတ်ပုံနှိပ်ခဲ့ရာ၊ မိမိ တည်းဖြတ်ထားခြင်းကို ဤသို့ ရေးသားထားပါ သည်။

ကြွင်းကျန်နေပေသည်။ တစ်ဖန် ဓညဝတီအရေးတော်ပုံ၌မပါသော တိမ်၊လ၊နေ၊ကြယ်၊နက္ခတ် ပရိယာယ်များအကြောင်း လျှောက်ထားချက်နှင့် မဟာပညာကျော် လျှောက်ထားခန်းမှ မဟုတ်သော မင်းတို့ ဘိသိက်ခံအခမ်းအနား အစီအရင် လျှောက်ထုံးတို့မှာ မဟာပညာကျော်လျှောက်ထုံးတွင် ဖြည့်သွင်းထားကြောင်း တွေ့ရှိရပေသည်။ ယခု တည်းဖြတ်ရာတွင်ကား ၂ မူလုံးကို ညှိနှိုင်း၍ လိုအပ်သောလျှောက်ထုံးများကို ပြည့်စုံအောင် ဖြည့်သွင်းထားပေသည်။'

ဟံသာဝတီပုံနှိပ်တိုက်က ထုတ်ဝေသော 'မဟာပညာကျော်လျှောက်ထုံး'မှာ ပြည့်ပြည့်စုံစုံရှိသည့်သဘော တွေ့ရသည်။ သို့ရာတွင် အတွင်းစာကိုယ်၌ ဖြည့်စွက်သည်များကို ထင်ရှားအောင် မှတ်ချက်ဖြင့် မပြသောကြောင့် သာမန်အားဖြင့် မသိနိုင်ချေ။

'မဟာပညာကျော်'နှင့်ပတ်သက်၍ ဓညဝတီအရေးတော်ပုံနှင့် မဟာပညာကျော်လျှောက်ထုံးတို့တွင် ပါသမျှသာ သိရသည်။

သက္ကရာဇ် ၈၇၈ ခုနှစ်တွင် နန်းတက်သော မင်းဗားကြီးတွင် သားတစ်ဦး ရှိသည်။ ထိုသား ငယ်မည်မှာ 'ချစ်နှောင်း'ဖြစ်ပြီး၊ သံတွဲမြို့စား ပေးလေသည်။ သက္ကရာဇ် ၈၇၉ ခုနှစ်တွင် သက်မင်း စောနွယ်က မင်းဗားကြီးသို့ ဆင်ဖြူ ၂ စီး ဆက်သည်။ ထိုဆင်များသည် ဆင်ဖြူ

အတိုင်း မှန်သည်' ဟုဆိုပြီး သက်အမတ် ၄ ယောက်ကို အပြစ်နှင့် ထားသည်။

အမတ်ဓားပိုင်ကြီးက 'သက်မင်းပြုသောအမှုသည် ခမည်းတော်ဘုရား ဂုဏ်ကြီးမြင့်ခြင်း ကျက်သရေတော်အဝင် ဖြစ်ပါသည်။ နေအရောင်ကို တိမ်မှောင်ဖုံးသကဲ့သို့ အရှင့်သား မပြုသင့်ပါ' ဟု လျှောက်သည်။ သို့သော် သားတော်ချစ်နှောင်းသည် အမတ်ဓားပိုင်ကြီး၏ စကားကို မနာယူပေ။ ထိုအကြောင်းကို မင်းကြီးကြားလေလျှင် ဆက်သသော ဆင်ဖြူ ၂ စီးနှင့် သက်မင်းနှင့် သက်မင်းမှူးမတ်များကို သာယာစွာ သံတွဲစားက ကြီးကြပ်ဆောင်ယူပြီး မြို့သို့လာစေရန် အမိန့်ချသည်။

ချစ်နှောင်းရောက်လေသော် မင်းကြီးက

'သံတွဲစားချစ်နှောင်းသည် ပညာရှိစကားကို မနာမယူ။ မင်းသားဖြစ်လျက် ရှေးထုံးဟောင်းသက်သေကို မတတ်မသိ။ လူမိုက်တို့အလေ့ ကြမ်းတမ်းခက်ထန်သောအမှု၊ မယဉ်သော ဆင်ရိုင်းပမာ လက်ရုံးကိုသာလေ့လာ၍ ကောင်းကျိုး၊မကောင်းကျိုး မသိ။ တွေ့ရာလောင်တတ်သောမီးနှင့် တူသည်။ ပညာရှိထံ နည်းခံစေဦး။' ဟု ဆိုပြီး မဟာပညာကျော်ထံ အပ်လေသည်။

ချစ်နှောင်းသည် ခမည်းတော် နတ်ရွာစံ၍ နန်းမွေကို ဆက်ခံ

ဒီခကိုလည်း မောက်သူဇာမြို့တွင် အုပ်ချုပ်စေ၍ ကုလား ၁၂ မြို့ကို ပေးတော်မူလေသည်။

m g yoe ebook

မင်းရာဇာကြီးလက်ထက်တွင် မြန်မာနိုင်ငံ တောင်ငူဘုရင်က 'ဟံသာဝတီဘုရင် ငါးဆူဒါယကာမင်းကို ဝိုင်းဝန်းကူညီတိုက်ခိုက်ပေးပါက ဟံသာဝတီကိုအောင်မြင်လျှင် ဆင်ကြီး၊ မြင်းကြီး၊ သမီးကညာတို့ကို ပေးပါမည်။' စစ်ကူတောင်းသည်။

သားတော် အိမ်ရှေ့မင်း မင်းခမောင်းလည်း ၉၆၀ ပြည့်နှစ် တန်ဆောင်မုန်းလဆန်း ၁၁ ရက် နေ့တွင် ချီတက်၍ သံလျင်ကိုအောင်နိုင်လျှင် ချရပ်နေလေသည်။

ဦးကုလားမဟာရာဇဝင်ကြီးနှင့် မှန်နန်းမဟာရာဇဝင်တော်ကြီးတို့တွင် သက္ကရာဇ် ၉၅၈ ခုနှစ် တပေါင်းလတွင် ချီတက်လာသည်ဟု ဆိုသည်။

မင်းရာဇာကြီးလည်း အမတ် မဟာပညာကျော်နှင့်တကွ ကိုယ်တော်တိုင် ချီတက်လျှင် ပဲခူးအနောက်ဘက် ဟင်္သာဖိုင်းဂနိုင်းတွင် တပ်ချကာ ပဲခူးကို ဝိုင်းရံလေသည်။ ပဲခူးမင်းလည်း တောင်ငူသို့ ခိုရသည်။ ထိုအခိုက် ယိုးဒယားမင်း ဗြနရစ်လည်း တောင်ငူသို့ချီလာရာ တောင်ငူမင်းလည်း တောင်ငူသို့ ပြန်ရလေသည်။ မင်းရာဇာကြီးလည်း ယိုးဒယားတပ်များကိုတိုက်ရာ ယိုးဒယားမင်းညီတော် ဗြသမွန်ကို ဖမ်းမိ၍၊ ယိုးဒယားမင်းက လက်နက်လက်ဆောင်များဖြင့် ပြန်၍ တောင်းယူရလေသည်။ တောင်ငူမင်းကလည်း ပဲခူးမင်းဆင်ဖြူရှင်

အမတ်ကြီးကိုသင်္ဂြိုဟ်သော သင်္ချိုင်းရာပေါ်တွင် ဘုရားစေတီ တည်ထား ခဲ့လေသည်။ ထိုစေတီကြီးကို ယခုတိုင် 'မော်တင်စေတီကြီး' ဟု ထင်ရှားစွာ ခေါ်ဝေါ်လျက်ရှိကုန်၏ ဟု ဆိုလေသည်။

မဟာပညာကျော်နှင့်ပတ်သက်၍ ဤမျှသာ သိရသည်။ ဧည၀တီ အရေးတော်ပုံကျမ်းပြုစုသူမှာ ရဟန်းတော်တစ်ပါး ဖြစ်သည်။

မဟာပညာကျော်၏ သင်္ချိုင်းရာပေါ်တွင် စေတီ တည်ခဲ့သည် ဆိုသော မှတ်တမ်းကိုမူ စောကြောဖွယ်ရာများ ရှိလာသည်။ စေတီ တည်ထိုက်သူ ၄ ဦး ရှိသည်။ ထို ၄ ဦးမှာ သမ္မာသမ္ဗုဒ္ဓ၊ ပစ္စေကဗုဒ္ဓ၊ အရိယာသာဝကနှင့် စကြဝတေးမင်းတို့ ဖြစ်သည်။ မဟာပညာကျော်မှာ မည်မျှပင် ပညာဉာဏ်ကြီးမြင့်သူ ဖြစ်စေကာမူ စေတီ တည်ထိုက်သူ အဖြစ် မပါဝင်ပေ။ ဤသို့ သမိုင်းမှတ်တမ်း ရှိခဲ့စေကာမူ ကျမ်းပြု ဆရာတော် ကဝိသာရကပါ လက်ခံ၍ ဆက်လက် မှတ်တမ်းတင်ခြင်းမှာ အံ့ဩဖို့ကောင်းသည်။ မော်တင်စေတီမှာလည်း မည်သည့် မော်တင်ဟု တိတိကျကျ မရေးခဲ့ပေ။ ယနေ့ထင်ရှားနေသော မော်တင်စွန်းဘုရား သမိုင်းတွင် မဟာပညာကျော်သင်္ချိုင်းရာပေါ်တွင် တည်ခဲ့သည်ဆိုသော အချက်ကို မတွေ့ရပေ။ သို့မဟုတ် မဟာပညာကျော်သည် စေတီတည် ထိုက်သူမဟုတ်သည့်အတွက် လက်မခံဘဲ ပယ်ခဲ့ခြင်းလည်း ဖြစ်နိုင် ပေသည်။

ပေးလေ့ရှိသော ဘွဲ့မျိုးဖြစ်၍၊ 'ဗဒုံမင်း၏သားတော် အိမ်ရှေ့ဥပရာဇာ ရခိုင်ကိုသိမ်းပိုက်စဉ်က မဟာမြတ်မုနိဘုရားကြီးနှင့်အတူ ပါလာသော ဆရာတော်ဖြစ်မည်လား။'ဟု စဉ်းစားမိသည်။

အိမ်ရှေ့ဥပရာဇာသည် ရခိုင်ကို သိမ်းပိုက်ပြီး သက္ကရာဇ် ၁၁၄၆ ခုနှစ် တပို့တွဲလပြည့်ကျော် ၇ ရက်နေ့တွင် ဓညဝတီ ရခိုင်ပြည်က ပြန်ခဲ့သည်။ ဓညဝတီအရေးတော်ပုံကို သက္ကရာဇ် ၁၁၄၉ ခုနှစ် တပေါင်းလဆန်း ၅ ရက်နေ့တွင် ရေးသား ပြီးစီးသည်။ ဓညဝတီကို အိမ်ရှေ့ဥပရာဇာ ဝင်ရောက် သိမ်းပိုက်ပြီး မဟာမြတ်မုနိဘုရားကြီး ပင့်ဆောင်လာသည်အထိ ပါဝင်နေသည်။ ဗဒုံမင်းသည် မဟာမြတ်မုနိ ဘုရားကြီးကို မန္တလေးမြို့၌ အတည်တကျ တည်ထားပြီးနောက် သက္ကရာဇ် ၁၁၄၇ ခုနှစ်တွင် မြန်မာနိုင်ငံအရပ်ရပ်သို့ သာသနာပြု ဆရာတော်များ စေလွှတ်ခဲ့ရာ မုတ္တမသို့ ကဝိသာရဓဇမဟာ ရာဇဂုရုနှင့် သံဃာတော် ၅ ပါးကို စေလွှတ်ခဲ့သည်။ ထိုဆရာတော်သည် 'ဓညဝတီ အရေးတော်ပုံကျမ်းပြု ဆရာတော်ဖြစ်မည်လား။'ဟု စဉ်းစားမိသည်။ ဓညဝတီအရေးတော်ပုံကျမ်း နိဂုံးတွင် ကျမ်းပြုဆရာတော်က ဗဒုံမင်း ရခိုင်သို့ ချီတက်သိမ်းပိုက်ပုံရေးရာတွင် ဗဒုံမင်းကို အမွှမ်းတင်ချီးပ ထားသော အသုံးအနှုန်းများကလည်း စဉ်းစားချက်ကို အထောက်အပံ့ ပေးနေပြန်သည်။

မဟာပညာကျော်လျှောက်ထုံးမှာ မှတ်တမ်းများကို အထောက်

m.e.y. SAMPLE BOOK

သက္ကရာဇ် ၁၀၇၂ ခုနှစ် နောက်ပိုင်းတွင် ရေးသားပြီးစီး ပေါ်ပေါက်လာသော ဝိဇယမင်း စစ်အောင်မော်ကွန်း, သက္ကရာဇ် ၁၁၄၇ ခုနှစ် တန်ခူးလပြီးသော သေနင်္ဂပျို့, သက္ကရာဇ် ၁၁၂၅ ခုနှစ်တွင် ရေးဖွဲ့ပြီးစီးသော ရာဇနီတိပျို့များမှ ကိုးကားချက်များ ပါဝင်နေသည်လည်း တွေ့နိုင်သည်။

'လျှောက်ထုံး'ဟုဆိုသော်လည်း အချို့လျှောက်ထုံးများမှာ ဖြတ်ထုံးသဘော တွေ့ရသည်။ အချို့လျှောက်ထုံးများမှာ ဒဏ္ဍာရီဆန်နေသည်များလည်း ရှိသည်။ အချို့လျှောက်ထုံးများမှာမူ လျှောက်ထုံးသဘော ပီပြင်စွာ တွေ့ရသည်။

> 'လက်ရုံးအားကို အလိုရှိသောမင်းသည် ရန်ပို၍ ထိုပြည်သူတို့သော်လည်း လက်ရုံးမာနကြီးခြင်းကြောင့် စည်းစိမ်မရှည်။ ရန်သူ ၅ ပါး ဆက်ဆံများလေသည်။ နှလုံးအားကို အလိုရှိသောတိုင်း၌ မင်းတို့၏ပြည်သူသည် အပူသောကကင်းခြင်းကြောင့် မိဘသားမြေးစဉ်လာ သပြာ တောင်းတင်းမကုန် ဆက်ဆံခံစားလျက် မပျက်စည်ထွန်း၍ ဘုရား စသောသူတော်ကောင်း အချီးအမွမ်းကို ခံရသည်'
>
> 'လက်ရုံးရည်မှာ သူမိုက်အတတ်၊ နှလုံး၏ အစေကျွန်သာဖြစ်ပါသည်။ နှလုံးရည်ရှိသောသူအား အမှုပေါင်း ပြီးကုန်

mgyo com SAMPLE BOOK

နမောတဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ။

## ပဋိညာဉ်

အိန္ဒိယတိုင်း၊ အယုဇ္ဈတိုင်း၊ ရက္ခပူရတိုင်းကြီးတို့ကို အစိုးရတော်မူသော မြောက်ဦး ရွှေပြည်တော်ကြီး၌ သခင်သာကီဝင် မင်းဖလောင်းကြီး လက်ထက်တော်တွင် အင်္ဂါစုံပြည့်ရှိသော မင်းတိုင်ပင်အမတ်ကြီး 'မဟာညာကျော်' ပြည့်ရှင်မင်းကြီး မတိမ်းမစောင်းစေရ၊ လောကီ၊ လောကုတ္တရာမှု တို့ကို ကမ္ဘာ တည်သမျှကာလပတ်လုံး ပညာရှိသူတော်ကောင်းတို့

SAMPLE BOOK
mgyoe.com

mgyoe.com SAMPLE BOOK

# ၁

## မြို့သစ် ပြောင်းသင့်,မသင့် လျှောက်ထုံး

တစ်ရံရောအခါ၌ ""ဤဖြောက်ဦးမြို့ကို အလောင်းမင်းစောမွန် ၇၉၂ ခု တော်သလင်းလဆန်း ၁ ရက် တနင်္ဂနွေနေ့နှင့် ကန် လင် ကုံ စန်းနှင့် တည်တော်မူခဲ့သည်။ မင်းဆက် ၁၂ ဆက် ရှိပြီ။ 'ဓညဝတီမြို့ဟောင်းသို့ ပြောင်းသင့်ကြောင်း ဓာတ်ကိန်းဆိုက်ရောက်သည်' ဟူ၍ ဟူးရားဖြူ, ဟူးရားညိုတို့ ကိန်းအထွက်နှင့် လျှောက်ကြသည်။ မည်သို့ မပြောင်းလျှင် အပြစ်ရှိသည်။ ပြောင်းလျှင် အကျိုးပေးမည်များကို မှူးမတ်တို့က လျှောက်ထားရမည်"" ဟု အမိန့်တော်ရှိလေသော်၊ ယင်းသည့်အခါ အမတ်ကြီး မဟာပညာကျော် လျှောက်သော်တစ်မူကား-

""ထီးနန်းစိုက်ရာ မြေမင်္ဂလာ *စတုစက် ၄ ချက်ရှိသောအရပ်၌ မြို့တည်လေသော်၊ 'သမ္ဗုဒ္ဓါနံ- ဘုရား စသော ဓာတ်တော်, မွေတော်, ပိဋကတ်ကျမ်းဂန်, သီလဝန်, ဂုဏဝန်များ၍ သာသနာတော်ထွန်းလင်းခြင်း၊ ပြည့်ရှင်မင်းလည်း တရားလိမ္မာ ဘုန်းအာဏာနှင့်ပြည့်စုံ၍ ပညာရှိ မှူးကောင်းမတ်ကောင်း ထွန်းလင်းခြင်း၊ ကာဋ္ဌဝက, ဂဇေယျ, တမ္ဗ, မင်္ဂလ စသော ဆင်မျိုးထက် တန်ခိုးလွန်

“ဤမြောက်ဦးမြို့ကို ဘီတော် မင်းစောမွန် တည်တော်မူခဲ့ပါသည်။ မင်း ၁၂ ဆက် ရှိပြီ။ ဘုန်းအာဏာပြည့်စုံ၍ သာသနာတော် ထွန်းလင်းခြင်းကြောင့် ဘေးတော် အလီခိမင်းလက်ထက် အင်းဝမင်းနရပတိကြီး ချီလာရာ ရှုံ့စစ် မရှိ။ မိတ်ဆွေ ကြီးစွာဝင်၍ ပြန်လေသည်။

“ခမည်းတော်မင်းကြီး လက်ထက်တော်တွင်လည်း ကုလား အိန္ဒိယတိုင်း ဘင်္ဂါ ၁၂ မြို့ကို ရမြဲသိမ်း ရတော်မူသည်။ အရှင်မင်းကြီး လက်ထက်တော်တွင် လည်း တောင်ငူမြို့မင်း တပင်ရွှေထီး ချီလာရာ မည်သို့ မရှိ၊ ရှုံ့ပြေ ပြန်လေသည်။

“ဓာတ်တော်, မွေတော်, ဘုရား, ပုထိုး, ပိဋကတ်ကျမ်းဂန်, သီလဝန်, ဂုဏဝန်, မှူးကောင်းမတ်ကောင်း, ဆင်ကောင်း, မြင်းကောင်း, တစ်ပြည် မင်းသမီး အသီးအသီး ဆက်ရောက်ပြည့်စုံထွန်းလင်းသော မြို့တော်သာကီဝင် မင်းတို့နေရာဌာန မှန်ပါသည်။

“ဥတုရာသီ, ဓာတ်, ကိန်း, စန်း, ဂြိုဟ်, နက္ခတ်, တာရာ, နေ, လ, ကြယ်, မြေလှုပ်, တိတ်နိမိတ် စသောအမှုတို့မှာ လောကပညတ် စကားမျှ။ တရားတော်သာ ဘုရင်မင်းနှင့် အမတ်,ပြည်သူတို့ ကိုယ်ကျင့်ဒုစရိုက် ၁၀ ပါးကို ကြည်ရှောင်စောင့်ထိန်း၍ သုစရိုက်မြောက်လျှင် ထိုအရပ်ကို ရှုံ့သူ မနှိပ်စက်နိုင်ပါ။ လောကီ,လောကုတ္တရာ ၂ ဖြာပင် ကျက်သရေတက်တိုးပါသည်။

“တစ်ကြောင်းမှလည်း ဘီတော်မင်းစောမွန် တည်တော်မူသည့်ကာလ ကဝိမြောက်သော ပညာရှိလျှော်က်ထုံး စာပေါင်းထွက်မှာ ‘မြောက်ဦးမြို့တော်၌ တရားပျက်၍ ကောဇာသက္ကရာဇ် ၁၀၀၊ ၁ ရောက်သောအခါ ထီးကျိုးစည်ပေါက်

SAMPLE BOOK

ချေ။ မင်းနှင့် အမတ်, ပြည်သူ ညီညွတ်သဖြင့် သာသနာတော်ပွင့်လင်းမှ တိုင်းပြည်သာယာမြဲကို ကျမ်းဂန်လာပါသည်။ ယခုမှာ တရားမကင်းသော သာကီဝင်အမျိုး ငြိမ်းချမ်းစွာစံတော်မူသင့်ကြောင်း'နှင့် အမတ်ကြီး လျှောက်လေသော်၊ ပြည့်ရှင်မင်းကြီးလည်း ကြိုက်တော်မူ၍၊ အမတ် မဟာပညာကျော်ကို *စားကျေးမြို့ရွာ ထပ်၍ ပေးတော်မူသည်။ ။

mgyoe.com SAMPLE BOOK

# ၂

## တပင်ရွှေထီး ချီလာရာတွင် လျှောက်ထုံး

သကျသာကီဝင်မင်းအနွယ် ထီးရိုးနန်းရိုး မင်းစဉ်မှန်တော်မူသော မင်းသားကြီးသားတော် ငယ်မည် ချစ်နှောင်း-မင်းဖလောင်းကြီးလက်ထက်တော်၌ အကြောင်းကို သော်ကား- ထီးနန်းတက်တော်မူလျှင် ဘထွေးတော် စကြဝတေးကို သံတွဲမြို့စားပေးတော်မူသည်။ ယင်းသောအခါ ခမည်းတော်က မောက်သူဇာမြို့တွင် ထားခဲ့သော, ကုလားမင်းသမီး ပဲသီဒါတွင်ဖွားမြင်သော အောင်္ဂါနှင့် ဘထွေးတော် သံတွဲသား ပေါင်းမိကြသောကြောင့် သွားလေ၍ ပဲခိုးမင်းထံ ရောက်လေရာ၊ ယင်းသို့နောက် တောင်ငူမင်းတရားရွှေထီးနှင့် ပေါင်းမိပြန်လေလျှင်၊ 'ရက္ခပူရတိုင်း ထီးနန်းမင်းဆက် အရိုးအသား မှန်သည်။ သဘော်ဆိပ်အများ ရက္ခပူရတိုင်းနိုင်ငံ ကုလား ၁၂ မြို့နှင့်တကွ ကျွန်တော်မျိုး ဝင်ပါမည်။' လျှောက်လေသော်၊ မင်းတရား

ထိုစနည်း ၃ ရပ်အလို အမတ် စစ်တကောင်းစား မဟာပညာကျော် လျှောက်သည့်ထုံးသော်ကား-

- "ကျိုးသာ၍ ညည့်လာသည်။" မှာ- သံတွဲစား ဘထွေးတော်နှင့် ခမည်းတော် မိဖုရား ကုလားမပဲသီဒါတွင်ဖွားမြင်သည့် ငအဂ်ါ တောင်ငူမင်းထံရောက်လေသည့်အကြောင်း မင်းတရားရွှေထီး ညည့်သည်ပမာသာ လာရောက်၍ ပြန်ပါလိမ့်မည်။

-"လသာသည် ပြန်လေဦး။ အုန်းပင်ရှင် ဖမ်းမိမည်။" မှာ- ဘုန်းပညာကျက်သရေနှင့် ပြည့်စုံသော မင်းမျိုး စိုးမိုးတော်မူသည်။ တိုင်းပြည်သာယာဆဲဖြစ်၍ မင်းတရားရွှေထီး ရန်မူလာလျှင် တောင်ငူမင်းတရား ရွှေထီးကို ဖမ်းမိရပါလိမ့်မည်။ သို့ရာတွင် 'ပြန်လေဦး' ဆိုသော အရသော်ကား နောင် ဘုန်းပညာကျက်သရေမရှိသော မင်းလက်ထက် 'အုန်း' ဟူသော နံအရ ဤမြောက်ဦးမြို့တော်ကို အရှေ့က ပျူတို့ ဖျက်ဆီးပိုင်နိုင်လေရာသော အကြောင်းမူလျက် စနည်းထွက်ပါသည်။

- "အိပ်၍နေ လှေဦးတိုင်၊ ပဲ့တိုင် ခိုင်အောင်စိုက်" အလိုသော်ကား လှေကို ကြိုး ထိန်းသည်။ ပြည်ကို အမတ်ကြီး ထိန်းသည်။ ပြည်ထိန်းအမတ်ကြီး ၂ ယောက်ကိုသာ လက်ဝဲ၊လက်ယာ ထွက်၍ ခံစေရပါမည်။ အရှင်မင်းမြတ် ချီတော်မမူသင့်။ 'ပေါင်းမိုးဖျာကို လိပ်၍သွင်း' အလို-တောင်ငူမင်းလာလမ်း တောင်မြို့ကျေးရွာတစ်ပြင် စပါးများကို မြို့သို့သွင်း၍ ထားရပါမည်။"

သားတော် အိမ်ရှေ့မင်း စောလုကိုလည်း ဘင်္ဂါ ၁၂ မြို့ ကုလားသင်္ဘော ၃၅ စင်းနှင့် မော်တင်က စောင့်နေထားလေသည်။

ထိုသို့ အသီးအသီး ခန့်ရုံထားတော်မူပြီးမှ ဆင့်ဆိုတော်မူသည်ကား "တောင်ငူမင်းတရားရွှေထီး ရောက်လာလျှင် ရှေ့က ဆီးဆို့မတိုက်နှင့်။ ချီလာ၍ မြို့နားသို့ရောက်လာမှ နောက်ကပိတ်ဆို့ ရိက္ခာ မရှာစေရ။ တိုက်ဖျက်ရမည်။" အမိန့်တော်ပြန်ဆိုလျက် ထားတော်မူလေသည်။

တောင်ငူမင်းတရားရွှေထီးလည်း သက္ကရာဇ် ၉၀၅ ခု တပို့တွဲလဆန်း ၂ရက်နေ့ လောင်းကြက်မြို့ဟောင်းတွင် ချီလာ၍၊ ၄င်းလဆန်း ၃ ရက်နေ့ မြို့ကို တိုက်လေရာ မီးပေါက်, ပြောင်း, လေးမြားပစ်ခတ်လျှင် အသေများသဖြင့် ဆုတ်ခွာနေလေသည်။ အမတ်ကြီး ၂ ယောက်လည်း နောက်ကပိတ်ဆို့ တိုက်လေသည်။ ညီတော် ကုလားတန်စားလည်း အရှေ့အောင်စည်မြို့ရွာတို့ကို တိုက်ဖျက်၍ အိမ်ရာ, ဆန်စပါးများကို မီးတိုက်လေသည်။

ယင်းသောအခါ တပင်ရွှေထီး အမတ်ကြီး ကျော်ထင်နော်ရထာ ကို မင်းတရားရွှေထီးက စေလွှတ်လိုက်၍ ဝင်လာသော အတွေ့ခံတော် မမူ။ တရားသဘင် ပြုရာ မဏ္ဍပ်၌ အမတ်ပြည်စိုးကြီးနှင့် စကား ပြောဆိုစေသည်။

နောက်တစ်ရက် ဝင်လာသောအခါမှ ပြည့်ရှင်မင်း အတွေ့ခံတော်မူလျက် အမိန့်တော်ရှိသည်ကား

"ရေမရှိသော ကန်, ဆံမရှိသော စပါး, တရားမရှိသော မင်းမျိုး, ဆိုး

အမတ်ကျော်ထင်နော်ရထာ အပြန်တွင်လည်း တောင်ငူမင်းတရားရွှေထီးထံသို့ စစ်တကောင်းမြို့စား မဟာပညာကျော်ကို ပြည့်ရှင်မင်းက ထည့်တော်မူလိုက်သည်။

မင်းတရားရွှေထီးထံ မဟာပညာကျော် လျှောက်ထုံးသော်ကား-

"ရှင်မင်းမြတ်။ လောကထွတ်ထိပ် ဖြစ်တော်မူသော ဘုရားသခင်ဆုံးမတော်မူသည့်တရားကို မတည်သောသူတို့သည် သံသရာဝဋ်ဒုက္ခဆင်းရဲ ရှည်ပါသည်။ ရှေးသူဟောင်းစကား၌လည်း-

'သဘော်စီးလျက် ရေရိုးရေကြောင်းကို မသိတတ်သောမာလိန်၊ တောဝင်လေလျက် တောစဉ်ကို မသိသောမုဆိုး၊ ပြည့်ရှင်မင်းဖြစ်လျက် မှူးမတ်အရည်အနိမ့်,အမြင့်ကို မသိတတ်သောမင်း၊ အမတ်ဖြစ်လျက် မင်းအရိပ်အခြည် အရည်အသွား စကားသင့်,မသင့်ကို မသိတတ်သောအမတ်၊ စတုပါဒ်နံ အနိုင်၌ ဥမ္မတ္တကော-အလိမ္မာ မရှိ ထိုသူ ၄ ဦးတို့ သေခြင်းမလှ သေရကြောင်း။' ထုံးဟောင်း ရှိပါသည်။

"တရားလိမ္မာ သံသရာအပြစ်ကို သိသော မင်းကောင်းမင်းမြတ်တို့ အနီးအဝေး သူ့သားကိုယ့်သားမရွေး ဆုံးမတော်မူကြောင်း ရှေးသူဟောင်းတို့အဆိုလာပြန်သည်မှာ-

'ကျမ်းချော်မမွေ၊ သဇီဝအား၊ ပြစ်မှားပြင်းရှိန်၊ ဇီဝိတိန်ကို၊ ညှိုးပိန်
မသွေ၊ ခြွေသော်လည်းကောင်း၊ တစ်ကြောင်းမိုက်မည်း၊ သူ့ပစ္စည်းကို၊
ချုပ်တည်းမဲ့ခြား၊ ပြစ်မှားသဖြင့်၊ မသင့်ပချေ၊ သူ့ဆွေဇနီး၊ ချစ်မငြီးနှင့်၊

ဟူလျက်၊ သမ္မာအာဒိဝေါ-အသက်မွေးကျောင်း ကြေးမောင်းခတ်ဆော် စည်တော်ရိုက်တီး၍ တစ်နေ့ ၃ ကြိမ် ပြည်သူတို့ကို ဆုံးမတော်မူရာသည်။

"အရှင်မင်းမြတ်။ လက်ရုံးအားကို အလိုရှိသောမင်းသည် ရန်ပို၍၊ ထိုပြည်သူတို့သော်လည်း လက်ရုံးမာနကြီးခြင်းကြောင့် စည်းစိမ်မရှည်။ ရန်သူ ၅ ပါး ဆက်ဆံများလေသည်။ နှလုံးအားကို အလိုရှိသောတိုင်း၌ မင်းတို့၏ပြည်သူသည် အပူသောက ကင်းခြင်းကြောင့် မိဘ သားမြေးစဉ်လာ သပြာ တောင်း,တင်း မကုန် ဆက်ဆံခံစားလျက် မပျက်စည်ထွန်း၍ ဘုရားစသော သူတော်ကောင်း အချိုးအမွှမ်းကို ခံရသည်။ ထိုသို့ ပညာရှိအမှာ ရှိပါသည်။

"ကျမ်းဂန်၌လည်း-

'ရက္ခသတသဟဿာနိ၊ ပုပ္ဖရက္ခောဝ သောဘတိ။

နရသတသဟဿာနိ၊ ရူပဝန္တောဝ သောဘတိ။

ရူပသတသဟဿာနိ၊ ပညဝန္တောဝ သောဘတိ။ ။' ယင်းသို့ ကျမ်းဂန် လာသဖြင့် ပညာသာ အရင်းဖြစ်၍၊

"မင်းကျင့်မဂ္ဂ ပညာနှင့် တိုင်းပြည်ကို စောင့်ထိန်းရာသောအကြောင်း ကျမ်းဂန်လာပြန်သည်မှာလည်း-

'ခန္ဓာနိစ္စာ ခယဋ္ဌေန၊ ဘယဋ္ဌေန ဒုက္ခာစ တေ။

အနတ္တာ အသာရကဋ္ဌေန၊ ဣတိပိ သော ပုနပ္ပုနံ။ ။' စသော ပါဠိ အရ- ရူပက္ခန္ဓာ၊ ဝေဒနာက္ခန္ဓာ၊ သညာက္ခန္ဓာ၊ သင်္ခါရက္ခန္ဓာ၊ ဝိညာဏက္ခန္ဓာ ခေတ် ၄ ပါး ပြုပြင်နိုင်ခဲ့သည်ဖြစ်လျက်၊

'မင်းလည်းမင်းကြမ်း၊ အမတ်သွမ်းနှင့်၊ အကျွမ်းမိတ်ဝင်၊ သို့တည်း လျှင်မူ၊ ပြည်သူရိပ္ပတ်၊ မင်းတည့်မတ်က၊ အမတ်ထို့တူ၊ ပြည်သူမညှိုး၊ စစ်ထိုးမရှိ၊ မရိသဗ္ဗဝါ၊ ရေစာမရှား၊ နို့သားမပေါ်၊ မြင်မြော်သသူ၊ ကြည်ဖြူမြတ်နိုး၊ ရေခမိုးသို့' ဟူလျက် ဆိုခဲ့လေသည်။

m-q-y-p eSAMPLE BOOK

"အများသာမိက အရှင်မင်းတို့မှာ ပညာသာ အာဒိမူလ ဖြစ်၍၊ ဆိုလာသော သူအား 'ရည်သွားတစ်ခု, လူမှုတစ်ရပ်, အမတ်ဂုဏ်ရည်, ဆိုသည်စသား' ထို ၄ ပါးကို သိရာသောအကြောင်း ကျမ်းဂန်လာပြန်သည်မှာ-

'ကုဒေသဥ္စ ကုမိတ္တဥ္စ၊ ကုကုလဥ္စ ကုဗန္ဓဝံ။
ကုဒါရဥ္စ ကုဒါသဥ္စ၊ ဒူရတော ပရိဝဇ္ဇယေ။ ။'

ယင်းသို့ အမတ်ပညာကျော် လော့ကီ, လောကုတ္တရာ ၂ ဖြာသောအကြောင်း ထုံးဟောင်းကျမ်းဂန်အထွက်နှင့် လျှောက်လေရာ၊ တောင်ငူမင်းတရားရွှေထီးသည် အလွန်ကြိုက်တော်မူ၍ အမတ်ပညာကျော်ကို ရွှေသပြာ ၁၀၀, ငွေသပြာ ၁၀၀၀ ပေးတော်မူသည်။ ပြည့်ရှင်မင်းသို့လည်း 'စောရန်နှင်' ဟူသော ဆင်နှင့် မြင်း ၂ စီး, မြင်းစီးတန်ဆာအစုံ ပေးလေသည်။

ပြည့်ရှင်မင်းက စပါး ၁ သိန်း ၅ သောင်း ပေးလေ၍၊ သက္ကရာဇ် ၉၀၅ ခု တပေါင်းလဆန်း ၉ ရက်နေ့ တောင်ငူမင်းတရားရွှေထီး ပြန်တော်မူလေသည်။ ။

mgyo.com SAMPLE BOOK

# ၃

## ရခိုင်ဘုရင် မင်းဗလောင်းထံမှ တောင်ငူဘုရင် (ဘုရင့်နောင်) ကျော်ထင်နော်ရထာထံသို့ ပို့ရန် သဝဏ်လွှာစီကုံးခြင်း

တစ်ရံရောအခါ အရှေ့ပြည် တပင်ရွှေထီးမင်း သေလွန်လေမှ စစ်သူကြီး ကျော်ထင်နော်ရထာ ထီးနန်း ရလေ၍၊ 'အထက်ဟောလိုက်ဖူးသူ စကြဝတေး ပုဏ္ဏားကို ဆုပေးလိုပါသည်။ ထည့်လိုက်ပါ။' သည်အကြောင်းနှင့် စေလွှတ် ရောက်လာသော်၊ စကြဝတေးပုဏ္ဏားကို ထည့်တော်မူလိုက်၍ ထိုပုဏ္ဏားနှင့်အတူ ပေးလိုက်သော *စာသော်ကား-

'ရက္ခသတဟဿာနိ၊ ပုပ္ဖရက္ခော ဝ သော
ဘတိ။

နရသတဟဿာနိ၊ ရူပဝန္တော ဝ သောဘတိ။

ရူပသတဟဿာနိ၊ ပညာဝန္တော ဝ သော

mgy SAMPLE BOOK

'ခန္ဓာနိစ္စာ ခယဋ္ဌေန၊ ဘယဋ္ဌေန ဒုက္ခာစ တော။

အနတ္တာ အသာရကဋ္ဌေန၊ သမ္ဘာဝနောစ ပဏ္ဍိတော၊

ဧဝံ ပဿေ ပုနပ္ပုနံ။ • ။'

ပါဠိတော်အရ ရူပက္ခန္ဓာ၊ ဝေဒနာက္ခန္ဓာ၊ သညာက္ခန္ဓာ၊ သင်္ခါရက္ခန္ဓာ၊ ဝိညာဏက္ခန္ဓာ တို့သည် ပထဝီ၊ အာပေါ၊ တေဇော၊ ဝါယော ဓာတ် ၄ ပါး ပေါင်းစည်းလျက် မပျက်ခိုင်ခံ့သော သတ္တိကြောင့် သံသရာသတ္တဝါတို့ ဝဋ္ဋတရားကို မြင်တတ်သောဉာဏ်ဖြင့် မည်သူမခြား ရင်တော်သားကဲ့သို့ သင်္ဂဟတရားလည်း ကိုယ်၌မြဲလျက်သော သဘောအတိုင်း အခြားပြည်ထောင်မင်းကို မူလည်း ယင်းကဲ့သို့ တရားမဂ္ဂာ သာသနာတော် တည်ပါစေသော မေတ္တာရေဖြင့် ပို့လေ့ရှိသော မြောက်ဦးမြို့ ရွှေနန်းတော်ကြီးရှင် ကြားလိုက်သည်။ ဟံသာဝတီပြည့်ရှင် အကြည်တော်။

သမ္မာသတိ အသိဂုဏ်တော်ကြောင့် သစ္စာ ၄ ပါးတရားကို အလင်းမြင် တော်မူသော

ဓာစ်ကြောင်းမှုလည်း 'မင်းကောင်းမှ အမတ်ကောင်းရာသည်။ အမတ်ကောင်းမှလည်း ပြည်သူကောင်းရာသည်။ မင်း၊ အမတ်၊ ပြည်သူ ညီမှလည်း တိုင်းပြည်သာယာကြောင်း။' ထုံးဟောင်းရှိသည်။

သို့ရာတွင် အများသာမိက မင်းသာ မူလအရင်း ဖြစ်ချေသည်။ 'အမတ်နှင့် ပြည်သူ ညီမျှစေကာ၊ မင်းသွမ်းမင်းဆိုးဖြားလတ်သော် ထိုအတူပြည်သူတို့ ဆိုးကြောင်း' ကျမ်းဂန်လာသည်မှာလည်း-

'ပူတိမဏ္ဍ ကုသဂ္ဂေန၊ ယော နရော ဥပနယှတိ။

ကုသာပိ ပူတိဝါယန္တိ၊ ဧဝံ ဗာလူပသေဝနာ။ ။'*

ထိုသို့ ကျမ်းဂန်လာသည်နှင့်အညီ မင်းဆိုးမင်းသွမ်းတို့ အစိုးရသော အရပ်ဌာနဌ် သူတော်ကောင်းတို့ ရှောင်အပ်သောကြောင့် မှူးကောင်းမင်းမြတ်ရှိသော တိုင်းပြည်သို့ ထိုသူတော်ကောင်းတို့ ထုံးပြောင်းသင့်ကြောင်း၊ မင်းကောင်း၊ အမတ်

အသိခက်သောအကြောင်းရှိသည်ဖြစ်၍ရှေးပညာတို့ ဆိုပြန်ရာ၌ကား-

'မင်းလည်းမင်းကြမ်း၊ အမတ်သွမ်းနှင့်၊ အကျွမ်းမိတ်ဝင်၊ သို့တည်းလျှင်မူ၊ ပြည်သူရှိမှတ်၊ မင်းတည့်မတ်က၊ အမတ်ထို့တူ၊ ပြည်သူမညိုး၊ စစ်ထိုးမရှိ၊ မရိသဏ္ဍဝါ၊ ရေစာမရှား၊ ခိုးသားမပေါ၊ မြင်မြော်သသူ၊ ကြည်ဖြူမြတ်နိုး၊ ရေခမိုးသို့၊ ပြည့်ဖြိုးစုံလင်၊ တိုင်းခွင်အခြား၊ မင်းတစ်ပါးလည်း၊ သနားမိတ်ဝင်၊ ချစ်ခင်လေးမြတ်၊ လှံ့ပတ်ညာကြေ၊ မြို့နေပြည်သူ၊ ရှင်လူသောင်းသောင်း၊ မဂ်လမ်းကြောင်းသို့၊ ထုံးဟောင်းမလပ်၊ ထုံးသစ်ထပ်လျက်၊ ရှစ်ရပ်ဒီသာ၊ ပွင့်လင်းသာသည်။ ။ကမ္ဘာစဉ်ဆက် ဥဒါန်းတည်း။' ဟူ၍၊ ပညာရှိ စကားအလာကို ထောက်၍ အကြည်တော်လည်း 'မင်း'မည်ကာ မဟုတ်။ မင်းတို့အား ပညာဗလရှိသူ ဖြစ်သည်။

သို့ရာတွင် သတိမလစ်စေရာ ဆိုသောသူအား ရည်သွားတစ်ခု ပြည်မှုတစ်ရပ် အမတ်ဂုဏ်ရည်တို့ကို သိစေသောအကြောင်း၌-

'ကဒေသဝ ကမိတာ၊ ကကလာ ကဇနဝံ။

ထိုစာကို ရွှေမှေ့ ရေးကူး၍ ကောင်းစွာထည့်ပြီးလျှင်၊ ရောက်လာရင်း မော်ဝီစားနှင့် စကြဝတေးပုဏ္ဏားတော်ကိုလည်း ထည့်တော်မူလိုက်၍ ပြန်စေသတည်း။

ဟံသာဝတီမြို့သို့ရောက်လေသော် ကျော်ထင်နော်ရထာမင်းက အထက်ဆိုခဲ့ရင်း စကားအတိုင်း ငွေကိုယ်လေးနှင့် ရွှေသပြာ ၁၀၀ ပုဏ္ဏားတော်ကို ဆုပေးတော်မူပြီးမှ မြောက်ဦးပြည့်ရှင်သို့ မြင်းကောင်းနှင့်တကွ မြင်းစီးတန်ဆာနှင့် လက်ဆောင်ပေးလိုက်၍ ပုဏ္ဏားတော် စကြဝတေးကို ပို့လာပြန်သည်။ ။

mgyoe.com SAMPLE BOOK

# ၄

## ဥသလင်စားအရေးတွင်
## မင်းကို ညွှန်ပြသော လျှောက်ထုံး

တစ်ရံရောအခါ၌ ဥသလင်စား ငပေါင်တို*ကို စည်းတင်စားအရာ ပေးမည် ရှိလေသော်၊ အမတ်ကြီး မဟာပညာကျော် လျှောက်သည်ကား-

"အရှင်မင်းမြတ်။ ဥသလင်စားငပေါင်တိုသည် စစ်မှုနှင့် အလွန်လိုသသူ။ အကျိုးအပြစ်ကို အမှန်သိမည် မထင်ပါ။ စည်းတင်အရပ်သားတို့သည် ကိုက်တတ်သောခွေးပမာ။ ထိုသူ ၂ ဦးသားတို့ကို အတူ မထားသင့်ပါ။" လျှောက်သော်လည်း၊ ငပေါင်တိုသမီး မြသွင်ညိုသည် မင်းကိုယ်လုပ်ဖြစ်လေ၍ အမတ်ကြီးစကားကို ယူတော် မမူ။

ဥသလင်စားငပေါင်တိုကို စည်းတင်စားအရာ ပေးလျက် စည်းတင်ချောင်းသို့ ထွက်လေရာ၊ ၇ လခန့်ရှိမူ စည်းတင်ချောင်းသား အရိုင်းများနှင့် ခြားနားလေသောအကြောင်းများကို မင်းကြီး သိတော်မူလတ်လျှင် အမတ်ကြီး မဟာ

SAMPLE BOOK

အကြောင်းဖွဲ့၊ ဆင်ခြင်သော သတိမရှိမှုကား။ သဉ္ဇာပေါ၊ မှားသောအမှုဖြင့် ပျက်စီးခြင်းသို့။ ဘဝေ၊ ရောက်ရာအံ့။

"မဟာရာဇ၊ အရှင်မင်းမြတ်။ မနုဿဝဏ်၊ ကောက်သောသဘော ရှိတတ်သောသူမှုကား။ အထဒ္ဓသတ္တပေါ၊ အကုသိုလ်မှုကို အားထုတ်တတ်သော လင်းကဲ့၊ ကတူး၊ ပသျှူးအမျိုးသည် လည်းကောင်း။ ကုလဟိန်၊ ကုလား၊ တရုတ်များလည်းကောင်း။ မိလက္ခုပ္ပေါ၊ ကသည်း၊ ချင်း၊ ကရင်၊ ကချင်အမျိုးများ လည်းကောင်း။ ဇတေ၀၊ ထိုအမျိုးသားတို့သည်။ မဇ္ဈပါနံ၊ သေရည်သေရက် သောက်စားခြင်း။ ပါဏာတိပါတာ၊ သူ၏အသက်ကို သတ်ညှစ်စားတတ် ရက်ရောခြင်း ပြုလေ့ရှိသော နှလုံးစွဲသည် ဖြစ်၍။ ဝိပရိတာယ၊ ဖောက်ပြန်သောစိတ် ခိုင်ခံ့ခြင်းနှင့်သာ။ သဗ္ဗဒါ၊ အခါခပ်သိမ်း ရှိလေရာသည်။

"မဟာရာဇ၊ ဘုန်းသမ္ဘာပြည့်စုံသော အရှင်မင်းမြတ်။ အနိဋ္ဌ၊ ယုတ်သော အမှု၊ သေသောက်၊ ကြက်တိုက်၊ အပျော်အရွှင်မှုကို အလိုအားပြုသော။ အပုရိသော၊ ယောကျ်ားယုတ်သည် လည်းကောင်း။ ဓာဂံ၊ သီလမရှိ သွမ်းသွပ်ဝန်တိုသော။ ဣတ္ထိ၊ မိန်းမ လည်းကောင်း။ မန္တံ၊ ထိုးကွင်း၊ ဆေးဝါး၊ မန္တရားကို အလိုရှိသော။ ဘိက္ခုအလိကော၊ ရသေ့ရဟန်း လည်းကောင်း။ သျှတ္တရာစ၊ နေ၊လ၊နက္ခတ် သရုပ်အကြောင်း ကောင်းကျိုး၊မကောင်းကျိုးများကို မှန်စွာ မဆိုနိုင်တတ်သော ဟူးရားဖြူ၊ ဟူးရားညိုတို့ လည်းကောင်း။ ဝိသံ၊ သေစေတတ်သော အဆိပ် လည်းကောင်း။ သိင်္ဂီ၊ ဦးချိုရှိသောသတ္တဝါတို့ လည်းကောင်း။

SAMPLE BOOK

"ပဏ္ဍိတော၊ ပညာရှိသောသူတို့ အသိမှုကား။ သူရိယော၊ နေသည်။ ဝိပရိတာယ၊ ဖောက်ပြန်သဖြင့်။ ပစ္ဆိမဘာဂေ၊ အနောက်မျက်နှာက။ ဥဒယတိ၊ ထွက်ပေါ်ရာ၏။ မေရု၊ မြင်းမိုရ်တောင်သည်။ ဝိပရိတာယ၊ ဖောက်ပြန်သဖြင့်။ စလတိ၊ တုန်လှုပ်ရာ၏။ ဥဏှောပိ၊ ရဲရဲတောက်သောမီးသည်လည်း။ စန္ဒနံ၊ စန္ဒကူး ကဲ့သို့။ ဘာတိ၊ ဖြစ်ရာ၏။ ပဒုမာ၊ ကြာပွင့်သည်။ မေရု၊ တောင်ထိပ်၌။ ဝိရူဟတိ၊ ရောက်ရာပွင့်ရာ၏။ သာဓုနော၊ ပညာရှိသူတော်ကောင်းတို့စကားသည်။ မုဝံ၊ ဖောက်ပြန်မရှိ အမြဲတည်၏။

သေလေ၊ 'တောင်'မည်ကာမျှ၌။ မဏိ၊ ကျောက်မြတ်သည်။ နတ္ထိ၊ မရှိ။ ဂဇေ၊ 'ဆင်'မည်ကာမျှ၌။ မုတ္တာဂဇံ၊ ဆင်ဖြူ မဟုတ်။ ဝနေ၊ 'တော'မည်ကာမျှ၌။ နစန္ဒနဥ၊ စန္ဒကူး မရှိ။ မနုဿ၊ 'လူ'မည်ကာမျှ၌။ နပဏ္ဍိတော၊ ပညာရှိ မဟုတ်။

"မဟာရာဇ၊ မင်းမြတ်။ လောကေ၊ လောက၌။ ဘိက္ခု၊ ရဟန်းသည်။ အသန္တုဋ္ဌာ၊ လိုချင်တတ်သောအမှုတို့ကို ပြုသဖြင့်လည်းကောင်း။ ကုလဒူသကာ၊ အာပတ်နှင့် အသက်မွေးခြင်း လည်းကောင်း ပြုတတ်သော အကြင်ရဟန်းသည်။ သန္တာပေါ၊ များသောအပြစ် ရှိခြင်းကြောင့် ပျက်စီးရာ၏။ ရာဇနောပိ၊ မင်းတို့မှာလည်း။ နာရိနံ၊ မိန်းမစကားကို နားထောင်ခြင်းကြောင့် လည်းကောင်း။ ဟီန အမစ္စော၊ မင်းမှားစေမှု ပြုတတ်သော အမတ်ယုတ်နှင့် လိုက်သင့်ရောနှော ပြုတတ်ခြင်း လည်းကောင်း။ အဇယံ၊ မအောင်အပ်သောသူအား။ ဇယံ၊ အောင်သောအမှုကို ပြုတတ်ခြင်း လည်းကောင်း။ တထာ၊ ထိုသို့ သဘောအကျင့်ရှိသော။ ရာဇာ၊

မပြုနိုင်သော အမှုတို့ကို လည်းကောင်း။ အမနုဿသမ္ဘ၊ ထိုသူ မမြင်နိုင်သော အမှုတို့ကို လည်း။ ကမ္မတော၊ ဆောင်တတ်,မြင်တတ်ခြင်း လည်းကောင်း ရှိ၏။ တာနိစေ၊ အခွန့်ရှည်သောအမှုတို့ကို ဆောင်တတ်ခြင်း ရှိ၏။

"ယော၊ အကြင်သူမြတ်အား။ ဗန္ဓုမိတ္တံ၊ အဆွေခင်ပွန်းကောင်း။ အနာဂတံ နောင်ပွင့်အံ့သော ဘုရားလောင်း။ သော၊ ထိုသူသည်။ အနာလဝေါ၊ မမြင်သော။ အလဒ္ဓေါ၊ စဉ်းလဲအကြံ ပညာဉာဏ်လည်း သူတစ်ပါးထက် လွန်ထသော။ တိဖလံ၊ ဆန်းကြယ်သောစကားတို့လည်း ဆိုတတ်ထသော။ တထာဂတာ၊ လာခြင်းကောင်း သောသူတို့အား။ ပညာသဝိဒ္ဓေါ၊ ဆင်ခြင်သိရာသော အကြောင်းမှုလည်း

"ဥဒကော၊ ရေတိမ်ရေနက်ကို သိလိုသော်။ ကုမုဒနာလိ၊ ကြာရိုးကြာစွယ် ကိုမြင်သဖြင့် သိရာသည်။ ပထဝီပမာဏံ၊ မြေ ကောင်း,မကောင်းကို သိလို သော်။ တိဏမိလာတံ၊ မြေဇာမြက်ကို လည်းကောင်း။ သေလောဒကံ၊ အရသာ ရှိသော သဲမြေကို လည်းကောင်း မြင်လေမှ သိရာ၏။ ကုလဇာတံ၊ အမျိုးမြတ်နှ် သူအား သိလိုမှုလည်း။ ။'ဝိနယေ ဗဟူသု ပညာဗလံ'။ ။ ဝိနယေ၊ ဆန်းကြယ် အကြံဉာဏ် ပညာရှိခြင်း။ ဗဟူသု၊ သူထက်လွန်သောအကျိုးကို ရွက်ဆောင် တတ်ခြင်း။ ပညာဗလံ၊ ပညာအား ကြီးခြင်း။

"ယော၊ အကြင်သူသည်။ ကုလဇာတော၊ သူထက်မြင့်မြတ်သော သူတို့ အား။ သူရက္ခိတော၊ ကောင်းစွာစောင့်အပ်၏။ အတ္တနော၊ မိမိကိုယ်၌။ ဒုက္ခိတော၊ အကယ်၍ ဆင်းရဲအံ့။ ဟီနကမ္မံ၊ ယုတ်သောအကျင့်ကို။ နဘာဇေယ၊ မပြုမကျင့်

အံ့သောအမှုကို လည်းကောင်း၊ မိမိသီလ အကျင့်တရားမြဲစေသော အမှုကို လည်းကောင်း။ ဝါယာမော၊ လုံ့လပြု၍ နေရာ၏။

"သဗ္ဗ၊ ခပ်သိမ်းသောသူတို့မှာကား။ တိယာမော၊ ၃ ယံသာလျှင်။ သေယျော၊ အိပ်ရာ၏။ ဧကော၊ ၁ ယံမူကား။ သမ္မာဝါယောမော၊ ကောင်းသော အသက်မွေးခြင်းကို နှလုံးသွင်းလျက် မိမိသီလဖြင့် မြဲစေရာသောလုံ့လဖြင့် နေရာ၏။

"စတုအနေကမတော၊ ၄ ယံ အိပ်သောသူမူကား၊ ဥမ္မတ္တကော၊ အရူး လည်းကောင်း။ ယာစထော၊ တောင်း၍စားတတ်သော ယာစကာ လည်းကောင်း။ မဒ္ဒပါနံ၊ သေသောက်တတ်သောသူအား လည်းကောင်း။ တြိ၊ ထို ၃ မျိုးသော်ကား။ စတု၊ ၄ ယံလွန်စွာ အိပ်တတ်၏။

"ဠာနဠ၊ အကြင်ဠာနအရပ်၌။ ရာဇသုညံ၊ မင်းသည် စိုးမိုးအံ့။ ယောရာဇာ၊ အကြင်မင်းသည်။ ပညာသဝံ၊ ပညာ မရှိခြင်းကြောင့်။ ပရေသံ၊ သူတစ်ပါးတို့ စကားကို။ ခလေခလေ၊ ယုံမှားတတ်၏။

" 'ပုရိသံဣတ္ထိလာဘံ'။ ။ ပုရိသံ၊ ယောကျ်ားလည်းကောင်း။ ဣတ္ထိ၊ မိန်းမလည်းကောင်း။ ဓနံ၊ ဥစ္စာပေးသည်ရှိသော်။ လာဘံ၊ လာဘ်ကို ခံယူတတ်၏။ နတထာဂတော၊ လာခြင်းမကောင်း ထိုမင်းတို့ အစိုးရသောအရပ်၌။ အတိကံ၊ အပင်။ ပတ္တံ၊ အရွက်။ ဖလံ၊ အသီးတို့သည် မဖွံ့မဖြိုး အရသာမရှိလေရာ။ ဝသန္တော၊ မိုးသည်လည်း။ နကပ္ပတိ၊ မညီမညွတ် ရှိရာ၏။ ဝတ္ထုံ၊ အမွေးအနံ့ တို့သည်လည်း နည်းကုန်၏။

"မဟာရာဇ၊ အရှင်မင်းမြတ်။ သဏော၊ သရဲကောင်းကို လိုသော်။

SAMPLE BOOK

"ပဏ္ဍိတာ၊ ပညာရှိတို့မှကား။ အတ္တနော၊ ကိုယ်ဥစ္စာ ပါးရှားခြင်းကို လည်းကောင်း။ မနောဒုက္ခံ၊ နှလုံးဆင်းရဲခြင်းကို လည်းကောင်း။ မနုဿဓာကဲ၊ သူမိုက်လှည့်စားသောစကားကို. လိုက်နာမိခြင်းကို လည်းကောင်း။ နာရိပုဗ္ဗ ညာတကာနံ၊ သားမယား,ဆွေမျိုးမိဘတို့ ဆိုးသွမ်းသောအမှုကို လည်းကောင်း။ အတ္တဒေါသံ၊ မိမိဒေါသ ရှိခြင်းကို လည်းကောင်း။ ပရော၊ သူတစ်ပါးအား။ နဇညာ၊ မသိစေရာ။ ပရဿ၊ သူတစ်ပါး၏။ ဒေါသံ၊ ဒေါသအမျက်ကိုသာ။ ဇညာစ၊ သိစေရာ၏။ အဒန္တံ၊ မယဉ်ကျေးသော သူအားလည်း။ ဓနံ၊ ဥစ္စာကို ပေးကမ်းမြှောက်မြှင့်၍ ယဉ်ကျေးစေရာ၏။ ဒေါသံ၊ ဒေါသအမျက် ကြီးသော သူအားလည်း။ အဉ္ဇလိ၊ ချိုးပင့်ပြောဆိုခြင်းနှင့် ယဉ်စေရာ၏။

"ကာကော၊ ကျီးများအလယ်၌။ သာမဂ်ါ၊ ဟသ်ာငှက်သည်။ နသောဘတိ၊ မတင့်တယ်။ ဂေါဏော၊ နွားများအလယ်၌။ သီဟရာဇာ၊ ခြင်္သေ့မင်းသည်။ နသောဘတိ၊ မတင့်တယ်။ ဗာလာနံ၊ သူမိုက်အလယ်၌။ ပဏ္ဍိတော၊ ပညာရှိသည်။ နသောဘတိ၊ မတင့်တယ်။ အနုဒကာ၊ ရေမရှိသော။ နဒီ၊ မြစ်သည်။ နသောဘတိ၊ မတင့်တယ်။ အရာဇိကာ၊ မင်းမရှိသော။ ရဋ္ဌံ၊ အကြောင်တိုင်းပြည်သည်။ နသောဘတိ၊ မတင့်တယ်။ ဣတ္ထိ၊ မိန်းမသည်။ အသာမိကာ၊ လင်မရှိမူ။ နသောဘတိ၊ မတင့်တယ်။ ပုရိသော၊ ယောကျ်ားသည်။ အဘရိယာ၊ မယား မရှိက။ နသောဘတိ၊ မတင့်တယ်။ ရာဇာ၊ မင်းတို့၌။ နအမစ္စောဗလံ၊ ပညာအားကြီးသောအမတ် မရှိက။ နသောဘတိ၊ မတင့်တယ်။ အမစ္စေ၊ အမတ်၌လည်း။ ပညာသဝံ၊ ဆန်းကြယ်သော

"မဟာရာဇ၊ လိမ္မာတော်မူသော အရှင်မင်းမြတ်။ မနုဿာနံ၊ လူတို့၌လည်းကောင်း။ ဒေဝါနံ၊ နတ်တို့၌ လည်းကောင်း။ ဗုဒ္ဓဿသနံ၊ တရားသြဇာ အရသာထက်။ ဝရံ၊ မြတ်ခြင်းသည်။ နတ္ထိ၊ မရှိ။ ပညာသဝံ၊ ပညာဉာဏ် ထိုးထွင်းသိမြင်နိုင်တတ်သောသူထက်။ ဝရံ၊ မြတ်ခြင်းသည်လည်း။ နတ္ထိ၊ မရှိ။ အတ္တသမံ၊ ကိုယ်ထက် ယုံသင့်, ချစ်အပ်သင့်သောသူသည်။ နတ္ထိ၊ မရှိ။"

ထိုသို့ သက်သေနှင့် အမတ်ကြီးလျှောက်သော် ပြည့်ရှင်မင်းကြီး အမိန့်တော်ရှိသည်ကား

"ငပေါင်တိုငယ်သည် အဖမှာ ပျူ, အမိသော်ကား ကုလား၊ ရောနှောသည့်သား၊ *သင့်ဘိုးဘိုးလည်း မှူးမျိုးမတ်မျိုး မဟုတ်။ သင့်ဖ ငနိုးသည် ခမည်းတော်ဘုရား ကုလားပြည်ကို သိမ်းတော်မူသောကာလမှ အမှုထမ်းလိုကြောင်း လျှောက်သော်၊ အပြန်တွင် ထန်းရည်ကိုသောက်၍ ရိုးစားအရာ ပေးတော်မူလေသည်။ သင့်အဖ အသုံးရသောကြောင့် သင့်ကို ကျေးရွာ ပေးသည်။ သင့်ကို ဘယ်သို့ပြုရမည်" မေးတော်မူလေသော်၊

အမတ်ကြီးက လျှောက်ပြန်သည်ကား-

"အရှင်မင်းမြတ်။ 'သူမိုက် နိုင်လိုမှ မြှောက်မြှင့်ရာသည်။' ရှေးသူဟောင်းတို့စကား ရှိပါသည်။ ငပေါင်တိုကို မြှောက်မြှင့်တော် မူပါရမည်" လျှောက်လေလျှင်၊